မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၁ ] ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက် (၂၀၂၆ ခုနှစ်၊ မေလ ၂၂ ရက်) } သောကြာနေ့ [ အတွဲ ၇၉

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် (၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**အရေးပေါ်အခြေအနေကြေညာခြင်း**

၁။ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများ ချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဖော်ပြပါမြို့နယ်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၄၁၂ (က) အရ အရေးပေါ်အခြေအနေ ကြေညာလိုက်သည်–

(က) **ကချင်ပြည်နယ်**

(၁) ဆွမ်ပရာဘွမ်မြို့နယ်၊

(၂) ရွှေကူမြို့နယ်၊

(၃) အင်ဂျန်းယန်မြို့နယ်၊

(၄) ဆော့လော်မြို့နယ်၊

(၅) ချီဖွေမြို့နယ်။

(ခ) **ကယားပြည်နယ်**

(၁) ရှားတောမြို့နယ်၊

(၂) ဖားဆောင်းမြို့နယ်၊

(၃) မယ်စဲ့မြို့နယ်။

(ဂ) **ကရင်ပြည်နယ်**

(၁) ကော့ကရိတ်မြို့နယ်၊

(၂) ကြာအင်းဆိပ်ကြီးမြို့နယ်။

(ဃ) **ချင်းပြည်နယ်**

(၁) ကန်ပက်လက်မြို့နယ်၊

(၂) ထန်တလန်မြို့နယ်၊

(၃) ပလက်ဝမြို့နယ်၊

(၄) တွန်းဇံမြို့နယ်၊

(၅) မင်းတပ်မြို့နယ်၊

(၆) မတူပီမြို့နယ်၊

(၇) ဖလမ်းမြို့နယ်။

(င) **စစ်ကိုင်းတိုင်းဒေသကြီး**

(၁) ကောလင်းမြို့နယ်၊

(၂) ပင်လည်ဘူးမြို့နယ်၊

(၃) ခင်ဦးမြို့နယ်၊

(၄) ဝက်လက်မြို့နယ်၊

(၅) ကနီမြို့နယ်၊

(၆) ဒီပဲယင်းမြို့နယ်၊

(၇) ပုလဲမြို့နယ်၊

(၈) အင်းတော်မြို့နယ်။

(စ) **မကွေးတိုင်းဒေသကြီး**

(၁) ပေါက်မြို့နယ်၊

(၂) မြိုင်မြို့နယ်၊

(၃) ဆောမြို့နယ်၊

(၄) ထီးလင်းမြို့နယ်၊

(၅) ရေစကြိုမြို့နယ်။

(ဆ) **မန္တလေးတိုင်းဒေသကြီး**

(၁) ငါန်းဇွန်မြို့နယ်။

(ဇ) **ရခိုင်ပြည်နယ်**

(၁) ရမ်းဗြဲမြို့နယ်၊

(၂) ပေါက်တောမြို့နယ်၊

(၃) ပုဏ္ဏားကျွန်းမြို့နယ်၊

(၄) ရသေ့တောင်မြို့နယ်၊

(၅) ဂွမြို့နယ်၊

(၆) မောင်တောမြို့နယ်၊

(၇) ဘူးသီးတောင်မြို့နယ်၊

(၈) ကျောက်တော်မြို့နယ်၊

(၉) မင်းပြားမြို့နယ်၊

(၁၀) မြေပုံမြို့နယ်၊

(၁၁) မြောက်ဦးမြို့နယ်၊

(၁၂) သံတွဲမြို့နယ်၊

(၁၃) အမ်းမြို့နယ်၊

(၁၄) တောင်ကုတ်မြို့နယ်။

(ဈ) **ရှမ်းပြည်နယ်**

(၁) နမ္မတူမြို့နယ်၊

(၂) မဘိမ်းမြို့နယ်၊

(၃) ကွတ်ခိုင်မြို့နယ်၊

(၄) နမ့်ခမ်းမြို့နယ်၊

(၅) သိန္နီမြို့နယ်၊

(၆) ကွမ်းလုံမြို့နယ်၊

(၇) နမ့်ဆန်မြို့နယ်၊

(၈) မန်တုံမြို့နယ်၊

(၉) ဟိုပန်မြို့နယ်၊

(၁၀) လောက်ကိုင်မြို့နယ်၊

(၁၁) ကုန်းကြမ်းမြို့နယ်၊

(၁၂) မိုးမိတ်မြို့နယ်၊

(၁၃) ကျောက်မဲမြို့နယ်၊

(၁၄) သီပေါမြို့နယ်၊

(၁၅) မိုင်းလားမြို့နယ်။

၂။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် (၂/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်း**

၁။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ၁/၂၀၂၆ ဖြင့် အရေးပေါ်အခြေအနေ ကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်၍ အဆိုပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၄/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**စားရေရိက္ခာမူဝါဒကော်မရှင် (Food Policy Commission) ဖွဲ့စည်းခြင်း**

၁။ စားရေရိက္ခာထုတ်လုပ်မှုမြှင့်တင်ရန်၊ သီးနှံတိုးချဲ့စိုက်ပျိုးခြင်းနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ရေရှည်တည်တံ့သော စားရေရိက္ခာစနစ်ဖော်ဆောင်ရန်အတွက် **စားရေရိက္ခာမူဝါဒကော်မရှင်** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | စစ်ထောက်ချုပ်<br>စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |

(ဎ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး

(ဏ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဎ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

(ဏ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

(တ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

(ထ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ စားရေရိက္ခာမူဝါဒကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) စားရေရိက္ခာဖူလုံရေး၊ ငတ်မွတ်ခေါင်းပါးမှု လျှော့ပါးရေး၊ အာဟာရပြည့်ဝမှုရှိစေရေးနှင့် ရေရှည်တည်တံ့သောစိုက်ပျိုးရေးဖြစ်ပေါ်လာစေရေးအတွက် မူဝါဒချမှတ်ခြင်း၊

(ခ) အမျိုးသားအဆင့်စားရေရိက္ခာဖူလုံမှုဆိုင်ရာမူဝါဒရေးဆွဲခြင်းနှင့် စားရေရိက္ခာဖူလုံရေးဆိုင်ရာ နှစ် (၃၀) မဟာစီမံကိန်းရေးဆွဲခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနများ သို့မဟုတ် လုပ်ငန်းကော်မတီအား တာဝန်ပေးအပ်ခြင်း၊

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်ရေးနှင့် ကျန်းမာရေးစသည့် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားစားရေရိက္ခာဖူလုံရေးဆိုင်ရာမဟာဗျူဟာများရေးဆွဲခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနများ သို့မဟုတ် လုပ်ငန်းကော်မတီအား တာဝန်ပေးအပ်ခြင်း၊

(ဃ) ရေ၊ မြေနှင့် သဘာဝသယံဇာတများကို မှန်ကန်စွာစီမံခန့်ခွဲနိုင်ရေး မူဝါဒလမ်းညွှန်မှုပေးခြင်း၊

(င) နိုင်ငံအတွင်း ပန်းတိုင်သီးနှံများနှင့် အသား၊ ငါး ထုတ်လုပ်မှုများကို ရည်မှန်းချက် ပြည့်မီစေရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့တင်ပို့ရေးဆိုင်ရာ မူဝါဒလမ်းညွှန်မှုပေးခြင်း၊

(စ) မျိုးစေ့၊ မြေဩဇာ၊ မွေးမြူရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ကာလတို၊ ကာလလတ် ချေးငွေများရရှိစေရေး မူဝါဒလမ်းညွှန်မှုပေးခြင်း၊

(ဆ) ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများပေါ်တွင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် လိုအပ်သော မူဝါဒလမ်းညွှန်မှုပေးခြင်း၊

(ဇ) စားရေရိက္ခာဈေးနှုန်းများ မြင့်တက်မှုမရှိစေရန်နှင့် ဈေးကွက်တည်ငြိမ်စေရန် မူဝါဒလမ်းညွှန်မှုပေးခြင်း၊

(ဈ) အရန်ဆန်နှင့် အခြေခံစားသောက်ကုန်များကို စုဆောင်းထားရှိရန်နှင့် အရေးပေါ်ကာလများတွင် ဖြန့်ဖြူးနိုင်ရန် မူဝါဒလမ်းညွှန်မှုပေးခြင်း၊

(ည) ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကို ဖူလုံမှုမှ ပြည်ပသို့တင်ပို့နိုင်ရန် မူဝါဒလမ်းညွှန်မှုပေးခြင်း၊

(ဋ) ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်တို့အကြား ဟန်ချက်ညီစေရန် မူဝါဒလမ်းညွှန်မှုပေးခြင်း၊

(ဌ) အစားအစာဘေးအန္တရာယ်ကင်းရှင်းစေရေးဆိုင်ရာ မူဝါဒလမ်းညွှန်မှုပေးခြင်း၊

(ဍ) အာဟာရချို့တဲ့မှုလျှော့ချရေးနှင့် အာဟာရပြည့်ဝသော အစားအစာများ စားသုံးနိုင်ရေးအတွက် လိုအပ်သော မူဝါဒလမ်းညွှန်မှုပေးခြင်း၊

(ဎ) စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် မူဝါဒလမ်းညွှန်မှုပေးခြင်း၊

(ဏ) တိုင်းရင်းသားဒေသများ၌ စားရေရိက္ခာဖူလုံရေးဆိုင်ရာ အထူးစီမံကိန်းများချမှတ်ခြင်း၊

(တ) ဒီဂျစ်တယ် စိုက်ပျိုးရေးထွန်းကားရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်အမှတ် (၄၅/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

## နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရေးနှင့် နိုင်ငံခြားငွေအား ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ် အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(င) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(စ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများက လိုအပ်သည့် စက်ပစ္စည်းများ၊ လုပ်ငန်းသုံးယာဉ်ယန္တရားများ၊ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့်အသုံးအဆောင်များနှင့် ကုန်ကြမ်းပစ္စည်းများစသည်တို့ တင်သွင်းရာတွင် လိုအပ်သည့်နိုင်ငံခြားသုံးငွေအား စိစစ်ခွင့်ပြုပေးခြင်း၊

(ခ) ပြည်သူအများ စားဝတ်နေရေးအတွက် လိုအပ်သည့် စက်သုံးဆီ၊ ဆေးဝါး၊ စားသုံးဆီ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပြည်တွင်း၌ဝယ်ယူရရှိနိုင်ခြင်းမရှိသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ အစရှိသည်တို့ ဝယ်ယူတင်သွင်းရာတွင် လိုအပ်သည့် နိုင်ငံခြားသုံးငွေအား စိစစ်ခွင့်ပြုပေးခြင်း၊

(ဂ) နိုင်ငံသားများ လူမှုရေးကိစ္စအလို့ငှာ ပြည်ပသို့သွားရောက်ဆေးကုသခြင်း၊ ပညာရေးကိစ္စများအတွက် သွားရောက်ခြင်းနှင့် ဘာသာရေးကိစ္စများအတွက်သွားရောက်ခြင်း စသည်တို့အတွက် လိုအပ်သည့် နိုင်ငံခြားသုံးငွေအား စိစစ်ခွင့်ပြုပေးခြင်း၊

(ဃ) အထွေထွေဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ ချေးငွေနှင့် အတိုးများ ပြန်လည်ပေးဆပ်ခြင်း၊ ဝန်ဆောင်ခများပေးချေခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အမြတ်ငွေများပြန်လည်လွှဲပို့ခြင်း စသည့်ကိစ္စများတွင် အသုံးပြုရန်လိုအပ်သည့် နိုင်ငံခြားသုံးငွေအား စိစစ်ခွင့်ပြုပေးခြင်း၊

(င) လူမှုအသုံးအဆောင် ဖိမ်ခံပစ္စည်းများ တင်သွင်းမှုအတွက် မဖြစ်မနေတင်သွင်းရန် လိုအပ်မှုအပေါ် နိုင်ငံခြားသုံးငွေ စိစစ်ခွင့်ပြုပေးခြင်း၊

(စ) နိုင်ငံအတွင်းရှိ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းများနှင့် ပညာရေး၊ ကျန်းမာရေးအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများအတွက် နိုင်ငံခြားသုံးငွေလည်ပတ်မှုဆိုင်ရာကိစ္စရပ်များအား ကြီးကြပ်ကွပ်ကဲခြင်း။

၃။ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီသည် နိုင်ငံခြားသုံးငွေကြီးကြပ်မှုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအပြင် အခြားပေးအပ်သောတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၆/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**အမျိုးသားလုံခြုံရေးအဖွဲ့ (National Security Bureau – NSB) ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလုံခြုံရေးကဏ္ဍအား ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **အမျိုးသားလုံခြုံရေးအဖွဲ့ (National Security Bureau – NSB )** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယသမ္မတ (၁) | ဒုတိယဥက္ကဋ္ဌ (၁) |
| ( ဂ ) | တပ်မတော်ကာကွယ်ရေးဦးစီးချုပ် | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် | အဖွဲ့ဝင် |
| ( င ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| ( စ ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် | အတွင်းရေးမှူး |

၂။ အမျိုးသားလုံခြုံရေးအဖွဲ့ (National Security Bureau – NSB) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး(၃)ပါးကိုဦးထိပ်ထား၍ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများပေါင်းစပ်၍ အမျိုးသားလုံခြုံရေးတာဝန်များအား ထိရောက်စွာပူးပေါင်းဆောင်ရွက်ရမည်။

(ခ) အမျိုးသားလုံခြုံရေးအဖွဲ့၏ နေ့စဉ်လုပ်ငန်းတာဝန်များကို ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့တွင် ပါဝင်သော ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များဖြင့် ရုံးအဖွဲ့အား ဖွဲ့စည်းထားရှိရမည်။

(ဂ) အဆိုပါရုံးအဖွဲ့အား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ကြီးကြပ်ကွပ်ကဲ၍ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရမည်။

၃။ အမျိုးသားလုံခြုံရေးအဖွဲ့ (NSB) ၏ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုအရပ်ရပ်အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ဘဏ္ဍာရေးအသုံးစရိတ် (Budget) မှ ကျခံသုံးစွဲသွားရန်ဖြစ်ပါသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၇/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်ခြင်း**

နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်သမ္မတရုံးတို့အား အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်အကြံပြုနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးတင်အောင်စန်း အား အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်တာဝန်ပေး လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ထွန်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**အမျိုးသားစီမံကိန်းကော်မရှင် ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ရည်ရွယ်၍ နိုင်ငံတော်၏ဦးတည်ချက်များနှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်တိုးမြှင့်ရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍအပါအဝင် အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စနစ်တကျအကောင်အထည်ဖော်ရန် **အမျိုးသားစီမံကိန်းကော်မရှင်** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယသမ္မတ (၁) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယသမ္မတ (၂) | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( င ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသမီးရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(န) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ပ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဖ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဗ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဘ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

(မ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ယ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(ရ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(လ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အားကစားရေးရာဝန်ကြီးဌာန

(ဝ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လူငယ်ရေးရာဝန်ကြီးဌာန

(သ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဟ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဠ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(အ) ပြည်ထောင်စုစာရင်းစစ်ချုပ် အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

| | | |
|---|---|---|
| (ကက) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ခခ) | ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဂဂ) | ဝန်ကြီးချုပ်<br>ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃဃ) | ဝန်ကြီးချုပ်<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ငင) | ဝန်ကြီးချုပ်<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (စစ) | ဝန်ကြီးချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဆဆ) | ဝန်ကြီးချုပ်<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဇဇ) | ဝန်ကြီးချုပ်<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈဈ) | ဝန်ကြီးချုပ်<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ညည) | ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဋဋ) | ဝန်ကြီးချုပ်<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဌဌ) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဍဍ) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဎဎ) | ဝန်ကြီးချုပ်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဏဏ) | ဝန်ကြီးချုပ်<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

(တတ) ပြည်ထောင်စုဝန်ကြီး　　အတွင်းရေးမှူး
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ အမျိုးသားစီမံကိန်းကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ မူ အရ ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများကို လုပ်ငန်းစီမံကိန်းများတွင် ထည့်သွင်းရန်ဆုံးဖြတ်ခြင်း၊

(ခ) နှစ်စဉ်၊ ကာလလတ်နှင့် ကာလရှည်စီမံကိန်းများတွင် လုပ်ငန်းစီမံကိန်းထည့်သွင်းရန် အဆိုပြုသည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ လုပ်ငန်းစီမံကိန်းများအပေါ် အကြံပြုခြင်းနှင့် အတည်ပြုခြင်း၊

(ဂ) ပေါင်းစည်းစီမံကိန်းများဖြစ်ပေါ်ရေးအတွက် လမ်းညွှန်မှုပေးခြင်း၊

(ဃ) နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များကို ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ အကျိုးရှိစွာ အသုံးချနိုင်မည့် လူမှုဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခြင်းနှင့် လုပ်ငန်းစီမံကိန်းများအတွက် လိုအပ်သည့် အရင်းအနှီးပမာဏရယူမည့် ဗျူဟာကို လမ်းညွှန်မှုပြုခြင်း၊

(င) အမျိုးသားစီမံကိန်းများနှင့် ပင်မစီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် ပြန်လည်သုံးသပ်ခြင်း၊

(စ) သဘောတူပြီးသည့် လုပ်ငန်းစီမံကိန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူခြင်း။

(ပုံ)　မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative – BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံနှင့် မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်မှုနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များတွင် ကဏ္ဍအလိုက်သော်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအကြားတွင် လုပ်ငန်းတာဝန်များကို အစဉ်တစိုက်

ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်သော်လည်းကောင်း အကောင်အထည်ဖော်ခြင်း၊ ဆန်းစစ်လေ့လာသုံးသပ်ခြင်းနှင့် မူဝါဒချမှတ်ခြင်းတို့ကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း(Belt and Road Initiative – BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယသမ္မတ (၁) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဏ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ပြည်ထောင်စုဝန်ကြီး<br>အားကစားရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( န ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ပ ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဖ ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဗ ) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဘ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| ( မ ) | ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ယ) | ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( ရ ) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (လ) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

(ဝ) ဝန်ကြီးချုပ် အဖွဲ့ဝင်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(သ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာန

(ဟ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဠ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(အ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
နိုင်ငံခြားရေးဝန်ကြီးဌာန

(ကက) အမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး
နိုင်ငံခြားရေးဝန်ကြီးဌာန

၂။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative–BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား **ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း** ခေါင်းစဉ်အောက်မှ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရာတွင် ဝန်ကြီးဌာနများ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန် လမ်းညွှန်မှုပေးခြင်း၊

(ခ) **ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း** နှင့်သက်ဆိုင်သည့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရာတွင် မူဝါဒနှင့် သက်ဆိုင်သည့် လမ်းညွှန်မှုများပေးခြင်း၊

(ဂ) **ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း** နှင့်စပ်လျဉ်း၍ မူဝါဒဆိုင်ရာ ညှိနှိုင်းရမည့်အကြောင်းအရာများ ပေါ်ပေါက်လာပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြလမ်းညွှန်မှုခံယူခြင်း၊

(ဃ) **ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း** နှင့်စပ်လျဉ်း၍ သုတေသနလေ့လာနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

၃။ ဦးဆောင်ကော်မတီပြင်ဆင်ဖွဲ့စည်းရန်နှင့် အဖွဲ့ဝင်များ ဖြည့်စွက်ခန့်ထားရန် လိုအပ်ပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ရမည်။

၄။ ဦးဆောင်ကော်မတီသည် လိုအပ်သော လုပ်ငန်းကော်မတီများ၊ အထောက်အကူပြုဆပ်ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခန့်အပ်တာဝန်ပေးနိုင်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**အမျိုးသားအဆင့် ချူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေး**

**ဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။　　မြန်မာနိုင်ငံ၏ နျူကလီးယားစွမ်းအင်အစီအစဉ်နှင့် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မျှော်မှန်းချက်နှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်နိုင်ရေးအတွက် ဦးဆောင်မှုပေးရန်၊ လိုအပ်သည့်ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်ရန်၊ နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးပြုသည့် နယ်ပယ်များအတွက် နိုင်ငံတကာနှင့်ဒေသတွင်း မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ထူထောင်နိုင်ရန်ရည်ရွယ်၍ **အမျိုးသားအဆင့် နျူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဋ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဌ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဍ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

၂။ အမျိုးသားအဆင့် နျူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အစိုးရအနေဖြင့် နျူကလီးယားစွမ်းအင်အစီအစဉ် ဖွံ့ဖြိုးတိုးတက်ရေး ခိုင်မာသည့် ကတိကဝတ်ပြုရန်နှင့် အဆိုပါအစီအစဉ် စတင်နိုင်ရေးအတွက် သုံးသပ်ချက်များနှင့် အကြံပြုချက်များ စုစည်းတင်ပြရန် ဦးစီးဆောင်ရွက်ခြင်း၊

(ခ) နျူကလီးယားစွမ်းအင်အစီအစဉ်နှင့် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် မျှော်မှန်းချက်နှင့် လုပ်ထုံးလုပ်နည်းများချမှတ်နိုင်ရေး ဦးဆောင်မှုပေးခြင်းနှင့် လိုအပ်သည့်ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊

(ဂ) နိုင်ငံတော်အစိုးရက အတည်ပြုထားသည့် နျူကလီးယားစွမ်းအင်အစီအစဉ်နှင့် နျူကလီးယားစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ဃ) နျူကလီးယားစွမ်းအင်အစီအစဉ် ရေရှည်အကောင်အထည်ဖော်နိုင်ရေးကို ပံ့ပိုးနိုင်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အကျိုးသက်ဆိုင်သူများ ပါဝင်ပတ်သက်ရေး၊ စက်မှုလုပ်ငန်းများပါဝင်ရေး၊ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများနှင့် သုံးစွဲပြီးလောင်စာများ စီမံခန့်ခွဲရေးစသည့် ကိစ္စရပ်များဆိုင်ရာ မဟာဗျူဟာများနှင့် အစီအမံများ ရေးဆွဲရေးအပေါ် ဦးဆောင်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) နျူကလီးယားအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေလိုအပ်ချက် သတ်မှတ်ရေးနှင့် နျူကလီးယားစီမံကိန်းအတွက် ဘဏ္ဍာငွေရရှိနိုင်မည့် အရင်းအမြစ်များ ရွေးချယ်သတ်မှတ်ရေးတို့ကို ဦးဆောင်ခြင်း၊

(စ) နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးပြုသည့်နယ်ပယ်များအတွက် နိုင်ငံတကာနှင့် ဒေသတွင်းမိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုများကို ထူထောင်ခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

### အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဖွဲ့စည်းခြင်း

၁။ တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံသည့် ရေအရင်းအမြစ်များအား စီမံဆောင်ရွက်နိုင်ရန်အတွက် **အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဌ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဍ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဎ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

(ဏ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(တ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ထ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

(ဒ) စစ်ထောက်ချုပ် — အဖွဲ့ဝင်
စစ်ထောက်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဓ) မြို့တော်ဝန် — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(န) မြို့တော်ဝန် — အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ပ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ပို့ဆောင်ရေးဝန်ကြီးဌာန

(ဖ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၁)
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၂)
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေကိုအခြေပြု၍ တရားမျှတသော ရေခွဲဝေမှုစနစ်၊ ပြည်သူအားလုံးပါဝင်နိုင်သော ပွင့်လင်းမြင်သာမှုရှိသည့် ဘက်စုံရေစီမံခန့်ခွဲမှုစနစ် (Integrated Water Resources Management Systems) တစ်ခုကို

မြန်မာနိုင်ငံတွင် ကျင့်သုံး၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောကိစ္စရပ်များကို လမ်းညွှန်ဆောင်ရွက်ရန်၊

(ခ) ရေအရင်းအမြစ်အား ထိရောက်စွာ အသုံးချရေး၊ ရေရှားပါးမှုလျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ရေနည်းပါးမှုပြဿနာဖြေရှင်းရေးတို့အတွက် မူဝါဒများချမှတ်ပြီး ရေဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ရေဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်သတ်မှတ်ပေး၍ အကောင်အထည်ဖော်ဆောင်ရွက်စေရန်၊

(ဂ) အမျိုးသားရေဥပဒေရေးဆွဲပြဋ္ဌာန်းရေး ဆောင်ရွက်ရန်၊

(ဃ) အမျိုးသားအဆင့် ရေအရင်းအမြစ်ဆိုင်ရာမူဝါဒများအား ခေတ်နှင့်အညီ သုံးသပ်ပြင်ဆင်ရေးဆွဲရန်၊

(င) မြေပေါ်ရေနှင့် မြေအောက်ရေ စီမံခန့်ခွဲမှုများတွင် အသင့်လျော်ဆုံး ဖြန့်ကြက်ယူနစ်အဖြစ် မြစ်ဝှမ်းကိုအခြေခံထား၍ ဆောင်ရွက်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်း၏ သက်ရောက်မှုများ ဖြေရှင်းဆောင်ရွက်ရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းတို့တွင် လမ်းညွှန်ချက်များချမှတ်ရန်၊

(စ) ရေအရင်းအမြစ်အား ကဏ္ဍစုံတွင် အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ လေလွင့်ဆုံးရှုံးမှုများ နည်းနိုင်သမျှ နည်းပါးစေရေး၊ ရေထုညစ်ညမ်းမှုလျော့ပါးစေရေးနှင့် ရေလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေဆိုင်ရာအစိုးရအဖွဲ့အစည်းများကို စီမံချက်များချမှတ်ဆောင်ရွက်စေရန်၊

(ဆ) ရေအရင်းအမြစ်ကို စီးပွားရေးနှင့် ဝန်ဆောင်မှုအလို့ငှာ အသုံးပြုခြင်းများမှ အခွန်ဘဏ္ဍာရရှိစေမည့် နည်းလမ်းများကို ရေဆိုင်ရာအစိုးရအဖွဲ့အစည်းများအား ဆောင်ရွက်စေရန်၊

(ဇ) ရေအရင်းအမြစ်နှင့်ဆက်စပ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ရန်၊

(ဈ) ရေအရင်းအမြစ်ကို စနစ်တကျထုတ်ယူသုံးစွဲရေးနှင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေးတို့အတွက် ရေဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ ရေဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) ရေနှင့်ဆက်နွှယ်သော နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်၊

(ဋ) ရေထုညစ်ညမ်းမှုပြုလုပ်သူက ပြန်လည်သန့်စင်ရန် ကုန်ကျစရိတ်ကျခံသည့် အခြေခံမူ (the polluter pays principle) ကို လိုက်နာစေရေး တွန်းအားပေးဆောင်ရွက်ရန်၊

(ဌ) လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လိုအပ်ပါက ကော်မတီအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ အထောက်အကူပြုလုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် အကြံပေးပညာရှင်များ ခန့်အပ်တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ရန်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအခန်း (၃)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) နှင့် အခန်း (၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) တို့အရ **မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **ဗဟိုအဖွဲ့**

(၁) ဒုတိယသမ္မတ (၁) — ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၄) ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(၅) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၆) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၇) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၈) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

(၉) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၀) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(၁၁) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၂) သက်ဆိုင်ရာဝန်ကြီးချုပ် အဖွဲ့ဝင်
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့

(၁၃) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး (၁)
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(၁၄) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး (၂)
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**မှတ်ချက်။** တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးများအား လိုအပ်ပါက မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေးများသို့တက်ရောက်ရေး ဖိတ်ကြား ဆောင်ရွက်ရန်။

( ခ ) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဗဟိုအဖွဲ့သည် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လိုက်နာခြင်း၊

(၂) အထူးစီးပွားရေးဇုန် တည်ထောင်ခြင်းအတွက် အဆိုပြုချက်၊ သင့်လျော်သည့်နေရာ၊ လိုအပ်သည့် နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်တို့ကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ သဘောထားရယူစိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(၃) ဗဟိုလုပ်ငန်းအဖွဲ့များနှင့် စီမံခန့်ခွဲမှုကော်မတီများဖွဲ့စည်းပြီး စီမံကိန်းနှင့် အစီအစဉ်များ ချမှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

(၄) အထူးစီးပွားရေးဇုန်အလိုက် လုပ်ကိုင်ခွင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများ သတ်မှတ်ခြင်းနှင့် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် အကြီးစား၊ အလတ်စားနှင့် အသေးစားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အဖြစ်သတ်မှတ်ပြီး လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(၅) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အထူးစီးပွားရေးဇုန်အတွင်း သုံးစွဲရမည့် ငွေကြေးအမျိုးအစား သတ်မှတ်ခြင်း၊ အခွန်အခများ၊ မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များပေးခြင်း၊

(၆) အထူးစီးပွားရေးဇုန်တွင် အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့် စည်ပင်သာယာရေးစသည့် ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အဖွဲ့အစည်း များအား ဖွဲ့စည်းခြင်း၊ တာဝန်များသတ်မှတ်ပေးခြင်းနှင့် ကွပ်ကဲခြင်း။

( ဂ ) **ဗဟိုလုပ်ငန်းအဖွဲ့**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၅) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး
ဝန်ကြီးဌာန

(၁၇) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၁၈) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**မှတ်ချက်။** တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးများအား လိုအပ်ပါက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အစည်းအဝေးများသို့ တက်ရောက်ရေး ဖိတ်ကြားဆောင်ရွက်ရန်။

(ဃ) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) ဗဟိုလုပ်ငန်းအဖွဲ့သည် စီမံခန့်ခွဲမှုကော်မတီ၊ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက တင်ပြသည့် အထူးစီးပွားရေးဇုန်တည်ဆောက်ရေး အဆိုပြုချက်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဆိုပြုချက်များ၊ အထူးဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို စိစစ်ခြင်းနှင့် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၂) အထူးစီးပွားရေးဇုန်တွင် ဇုန်အမျိုးအစား၊ ဦးစားပေးလုပ်ငန်းများ၊ ဇုန်အလိုက် အကြီးစား၊ အလတ်စားနှင့် အသေးစားလုပ်ငန်းအမျိုးအစားများ သတ်မှတ်နိုင်ရေးအတွက်စိစစ်၍ ဗဟိုအဖွဲ့သို့ တင်ပြပြီး သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊

(၃) နိုင်ငံတကာမှ အထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် အခြားဆောင်ရွက်သင့်သည့် အထူးစီးပွားရေးဇုန်များနှင့် နေရာဒေသတို့ကိုလေ့လာ၍ ဗဟိုအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(၄) အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဥပဒေဆိုင်ရာများနှင့် အခြားကိစ္စရပ်များကိုစိစစ်၍ အကြံပြုတင်ပြခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်မှ ကျင့်သုံးလျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံပိုင်အချိုးအစားကို လျှော့ချ၍ ပုဂ္ဂလိကပိုင်အချိုးအစားသို့ ပြောင်းလဲတိုးတက်လုပ်ဆောင်နိုင်ရန်နှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး လုပ်ငန်းစဉ်များအား စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် **ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

( ၎ ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဌ ) ပြည်ထောင်စုစာရင်းစစ်ချုပ် အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

( ဍ ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး
ဝန်ကြီးဌာန

( ဎ ) ဒုတိယဝန်ကြီး တွဲဖက်အတွင်းရေးမှူး
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး
ဝန်ကြီးဌာန

၂။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံပိုင်အချိုးအစားကိုလျှော့ချ၍ ပုဂ္ဂလိကပိုင်အချိုးအစားသို့ ပြောင်းလဲတိုးတက်လုပ်ဆောင်နိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်များအား စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( ခ ) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးအခြေခံမူများ၊ တည်ဆဲဥပဒေများနှင့်ကိုက်ညီအောင် ဆောင်ရွက်ရန်၊

( ဂ ) စွမ်းဆောင်ရည်ကျဆင်းလျက်ရှိသည့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများအား စွမ်းဆောင်ရည် တိုးတက်စေရေးအတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနည်းလမ်းများအားအသုံးပြု၍ ဆောင်ရွက်ရန်၊

(ဃ) ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲသုံးစွဲရာ၌ ဘတ်ဂျက်လိုငွေကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အစိုးရဌာနများမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများမှ ပုဂ္ဂလိကများသို့ လုပ်ဆောင်နိုင်မည့်လုပ်ငန်းများအား ခွဲဝေလွှဲပြောင်းပေးရန်၊

( င ) အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်း (Public – Private Partnership – PPP)၊ ပုဂ္ဂလိက-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း (Private – Private Partnership) လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် အရင်း အနှီးများတိုးတက်ရရှိလာခြင်း၊ နည်းပညာဖွံ့ဖြိုးမှုမှတစ်ဆင့် ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာပြီး ဈေးကွက်ယှဉ်ပြိုင်မှုများ၊ စီမံခန့်ခွဲမှုများနှင့် ပွင့်လင်းမြင်သာမှုများ တိုးတက်လာခြင်းတို့မှတစ်ဆင့် ပြည်သူနှင့် နိုင်ငံဖွံ့ဖြိုးမှုအတွက် အကျိုးကျေးဇူးများ ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ပေးရန်၊

( စ ) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့်သက်ဆိုင်သည့် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များကို သတ်မှတ်ပေးရန်၊

(ဆ) ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းကော်မတီများ ဖွဲ့စည်းရန်နှင့် ယင်းတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရန်၊

(ဇ) ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်းမပြုသည့် နိုင်ငံတော်အစိုးရက မဖြစ်မနေဆက်လက်ဆောင်ရွက်ရမည့် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများအား စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ စိစစ်သုံးသပ်ရန်၊

(ဈ) ပုဂ္ဂလိကပိုင်ပြုလုပ်ရာတွင် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများအား ဝယ်ယူသူမှ အခြားလုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်ခွင့်မရှိဘဲ အခြားလုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်လိုပါက ဆောင်ရွက်လိုသည့် လုပ်ငန်းအား စိစစ်သုံးသပ်ရန်။

၃။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သည် လိုအပ်သည့်ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း၊ အမိန့်များ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်းတို့အတွက် အခြားဝန်ကြီးဌာနများနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြအတည်ပြုချက် ရယူရမည်။

၄။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ အစီရင်ခံတင်ပြရမည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်၏ National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီအား အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဆ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ဇ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဈ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ည) ပြည်ထောင်စုစာရင်းစစ်ချုပ် အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဋ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းအချက်အလက်နည်းပညာ
ညွှန်ကြားရေးမှူးရုံး

(ဌ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) e – ID စနစ်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးဌာနများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်အကောင်အထည်ဖော်ရန် ကြီးကြပ်လမ်းညွှန်ရမည်။

(ဂ) e – ID စနစ်အတွက် လိုအပ်သော နည်းလမ်းရရှိရေးအတွက် G to G ရရှိနိုင်ရေး ကူညီဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတော်လုံခြုံရေးအရ ပြည်ပကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ အစိုးရများမှ တိုက်ရိုက်ဝင်ရောက်လုပ်ဆောင်မှုများ ဖြစ်ပေါ်ခြင်းမရှိစေရန် ကြီးကြပ်ရမည်။

(င) နည်းပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်ရရှိရေး ဖြည့်တင်းဆောင်ရွက်ပေးရမည်။

(စ) အတွင်းရေးမှူးရုံးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

## လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် မြေသိမ်းမှုပြဿနာများကို လျင်မြန်စွာဖြေရှင်းဆောင်ရွက်နိုင်ရန် **လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
၂။ ဦးစီးအရာရှိ ဦးပြည့်ဖြိုးဦး သည် ကိုယ်ရေးအရာရှိရာထူးတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ)၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (ဂ) တို့ပါ ပြဋ္ဌာန်းချက်များအရ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ မူလရာထူး၌ ရာထူးအနွယ်ပိုင်ဆိုင်ခွင့် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။

အောင်ကျော်ဟိုး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၂၆)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

**အငြိမ်းစားယူခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း အား နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၁၆/၂၀၂၆ ဖြင့် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီးဖြစ်၍ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၄/၂၀၂၆)**

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**ကိုယ်ရေးအရာရှိ ခန့်ထားခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀– ၄,၀၀၀–၃၆၁,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်မင်းထွန်း အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (စိုက်ပျိုးရေး) ၏ ကိုယ်ရေးအရာရှိအဖြစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၅/၂၀၂၆)**

**ကိုယ်ရေးအရာရှိ ခန့်ထားခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀– ၄,၀၀၀–၃၆၁,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မြတ်မင်းထွန်း အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (မွေးမြူရေး) ၏ ကိုယ်ရေးအရာရှိအဖြစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

မင်းနောင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

### သမီးလှကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ပြဋ္ဌာန်းထားသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော အခွင့်အာဏာများကိုကျင့်သုံး၍ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ယခင် လယ်ယာစိုက်ပျိုးရေး နှင့် သစ်တောရေးဝန်ကြီးဌာန၏ ၁၂-၁၀-၁၉၇၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈၉ ဖြင့် သတ်မှတ် ကြေညာခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်ရှိဧရိယာအကျယ်အဝန်း ၀.၃၄ စတုရန်းမိုင် ၂၁၇.၆ ဧကရှိသော **သမီးလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော** ကို အောက်ဖော်ပြပါ နယ်နိမိတ် အတွင်း ကျရောက်သည့် မူလကုန်းမြေ ၂၁၇.၆ ဧကနှင့် ရေပြင် ၁၁၈၉၇ ဧက စုစုပေါင်း ၁၂၁၁၄.၆ ဧကဖြင့် ၎င်းဒေသရှိ ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်) မှစ၍ **သမီးလှကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်** အဖြစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

**နယ်နိမိတ်လားရာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြောက်ဘက်** ။ ခန့်မှန်းမြေပုံညွှန်း N 15° 55′ 10.920″, E 94° 17′ 31.560″ မှ အစပြု၍ အရှေ့တောင်ဘက်သို့ မီတာ ၁,၀၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 55′ 1.200″, E 94° 18′ 2.880″ ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မီတာ ၁,၀၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 54′ 35.640″, E 94° 17′ 48.120″ ထိ၊ ထိုမှ တောင်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 54′ 20.880″, E 94° 17′ 47.760″ ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မီတာ ၄၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 54′ 10.800″, E 94° 17′ 42.000″ ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မီတာ ၁,၀၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 53′ 51.720″, E 94° 17′ 57.840″ ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၆၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 53′ 56.400″, E 94° 18′ 16.200″ ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မီတာ ၈၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 53′ 42.720″, E 94° 18′ 37.800″ ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မီတာ ၁,၄၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 52′ 57.360″, E 94° 18′ 44.280″ ထိ၊ ထိုမှ တောင်ဘက်သို့ မီတာ ၁,၁၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 52′ 22.080″, E 94° 18′ 44.280″ ထိ၊

**အရှေ့ဘက်** ။ ခန့်မှန်းမြေပုံညွှန်း N 15° 52′ 22.080", E 94° 18′ 44.280″ မှ အနောက်တောင်ဘက်သို့ မီတာ ၁,၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 51′ 28.440″, E 94° 18′ 29.880″ ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မီတာ ၁,၁၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 50′ 54.600″, E 94° 18′ 15.120″ ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မီတာ ၁,၆၀၀ ခန့်လာရာ

ခန့်မှန်းမြေပုံညွှန်း N 15° 50' 10.320", E 94° 17' 32.280" ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မီတာ ၁,၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 49' 18.120", E 94° 17' 7.440" ထိ၊ ထိုမှ တောင်ဘက်သို့ မီတာ ၃၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 49' 9.120", E 94° 17' 7.440" ထိ၊ ထိုမှ အနောက်ဘက်သို့ မီတာ ၆၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 49' 11.640", E 94° 16' 53.400" ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 49' 23.520", E 94° 16' 47.280" ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ ၂၅၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 49' 29.640", E 94° 16' 39.720" ထိ၊ ထိုမှ တောင်ဘက်သို့ မီတာ ၁,၃၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 48' 41.040", E 94° 16' 39.000" ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မီတာ ၄၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 48' 34.920", E 94° 16' 28.920" ထိ၊

**တောင်ဘက်** ။ ခန့်မှန်းမြေပုံညွှန်း N 15° 48' 34.920", E 94° 16' 28.920" ထိုမှ အနောက်မြောက်ဘက်သို့ မီတာ ၁,၄၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 48' 38.160", E 94° 21' 17.4" ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ ၁,၂၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 49' 14.160"› E 94° 15' 58.680" ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ ၁,၁၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 49' 48.360", E 94° 15' 32.040" ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ ၁,၁၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 50' 27.240", E 94° 15' 20.880" ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ ၇၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 50' 40.200", E 94° 15' 0.000" ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ ၆၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 50' 57.840", E 94° 14' 30.840" ထိ၊

**အနောက်ဘက်** ။ ခန့်မှန်းမြေပုံညွှန်း N 15° 50' 57.840", E 94° 14' 30.840" မှ အရှေ့မြောက်ဘက်သို့ မီတာ ၇၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 51' 38.160", E 94° 14' 35.160" ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၂,၀၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 52' 34.320", E 94° 15' 3.960" ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၆၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 52' 56.280", E 94° 15' 8.640" ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၆၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 53' 12.840", E 94° 15' 19.800" ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၈၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 53' 36.96", E 94° 15' 29.16" ထိ၊ ထိုမှအရှေ့ဘက်သို့ မီတာ ၄၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 53' 36.960", E 94° 15' 46.08" ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မီတာ ၆၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 53' 21.480", E 94° 15' 58.320" ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မီတာ ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 53' 6.720", E 94° 16' 4.080" ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မီတာ ၂၅၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 52' 58.080", E 94° 16' 2.280" ထိ၊ ထိုမှ အရှေ့ဘက်သို့ မီတာ ၃၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 52' 56.280", E 94° 16' 13.800" ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၁,၀၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 53' 22.920", E 94° 16' 31.440" ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၂,၂၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 54' 28.080", E 94° 16' 51.600" ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၇၅၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 54' 50.400", E 94° 17' 0.960" ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မီတာ ၁,၂၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N 15° 55' 10.920", E 94° 17' 31.560" ထိ။

**တားမြစ်ချက်များ**

၂။ သမီးလှကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း၌ အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ငါးဖမ်းဆီးခြင်း၊

(ခ) ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) အဆိပ်အတောက်ဖြစ်စေသောပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဃ) ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(င) မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ သမီးလှကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်းသော်လည်းကောင်း၊ အဏ္ဏဝါအမျိုးသားဥယျာဉ်နှင့် ထိစပ်ဆက်စပ်နေသည့် နေရာဒေသအတွင်းသော်လည်းကောင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(စ) မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊

(ဆ) သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဇ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဈ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ည) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသည့် နေရာများမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ဋ) မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း၊

(ဌ) သမီးလှကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း သန္တာကျောက်တန်းများနှင့် ငါးမျိုးစိတ်များ ရှင်သန်ပေါက်ဖွားရာ ဂေဟစနစ်များကို လေ့လာမှုများပြုလုပ်၍ အဆိုပါနေရာများတွင် မည်သည့် ရေယာဉ်မျှ ကျောက်ချရပ်နားခြင်းမပြုရန်၊ ရေယာဉ်ချဉ်းကပ်၍ ကုန်စည်များ လွှဲပြောင်းရယူခြင်းမပြုရန်နှင့် ရေယာဉ်များမှ ဆီအညစ်အကြေးနှင့် အမှိုက်များစွန့်ပစ်ခြင်း။

**ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့်အခွင့်အရေးများ**

၃။ ၁၉၇၀ ပြည့်နှစ်တွင် ကြေညာခဲ့သည့် မူလဘေးမဲ့တော သတ်မှတ်ကြောင်းအမိန့်တွင် ဖော်ပြထားသည့် ဆိုင်ရာဆိုင်ခွင့်များကိုလည်း ဆက်လက်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်းနှင့် သမီးလှကျွန်းအဏ္ဏဝါအမျိုးသား

ဥယျာဉ်အဖြစ် သတ်မှတ်ဖွဲ့စည်းခြင်းတွင် ခွင့်ပြုထားသည့် ဆိုင်ရာဆိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | အခွင့်ရသူ၏ အကြောင်းအရာ | ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| ၁ | သမီးလှကျွန်း ပတ်ဝန်းကျင်ရှိ ရေလမ်းကြောင်းများအား အသုံးပြုသည့် အဖွဲ့အစည်းများနှင့် အသုံးပြုသူများ | သမီးလှကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်ဧရိယာအတွင်းဝင်/ထွက်သွားလာသည့် ပင်လယ်ကူးသင်္ဘောများ၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး ရေယာဉ်များနှင့် ဒေသခံလှေများအတွက် ရေလမ်းကြောင်းကို ခန့်မှန်းမြေပုံညွှန်း N 15° 53.34', E 94° 17.64' မှ အနောက်မြောက်ဘက်သို့ N 16° 00.00', E 94° 07.02' အတွင်းသာ အသုံးပြုခွင့်ပြုသည်။ ရာသီဥတုဆိုးရွားချိန်တွင် ရေယာဉ်များနှင့် ဒေသခံလှေများ သမီးလှကျွန်းတွင် ကမ်းကပ်ရပ်နားခွင့်ပြုသည်။ |
| | | သမီးလှကျွန်း၏ မြောက်ဘက်နှင့် အရှေ့ဘက်တို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ပုသိမ်ဆိပ်ကမ်းနယ်နိမိတ်ဧရိယာအတွင်း Re-commended Track of Pathein River Approach ရေလမ်းကြောင်းမှ ရေယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုသည်။ |
| | | မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ရေလမ်းကြောင်းတူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများ၊ ရေကြောင်းအချက်ပြ အမှတ်အသား ပြုပြင်ပြောင်းလဲ ချထားခြင်းလုပ်ငန်းများ၊ မီးပြတိုက် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် ပုသိမ်ဆိပ်ကမ်းနှင့် ဟိုင်းကြီးဆိပ်ကမ်းသို့ ရေယာဉ်များ ဝင်ထွက်သွားလာခြင်းကို ခွင့်ပြုသည်။ |

၄။ ဖော်ပြပါခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်ပြုထားသည့် ဧရိယာနှင့်ပတ်သက်၍ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို အစိုးရကကြီးကြပ်နိုင်ခွင့်ရှိ၍ အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာကျင့်သုံးရမည်–

(က) သမီးလှကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း သန္တာကျောက်တန်းများနှင့် ငါးမျိုးစိတ်များ ရှင်သန်ပေါက်ဖွားရာ ဂေဟစနစ်များကို လှေလှော်မှုများပြုလုပ်၍ အဆိုပါနေရာများတွင် မည်သည့်ရေယာဉ်မျှ ကျောက်ချရပ်နားခြင်းမပြုရ၊

( ခ ) ရေယာဉ်ချဉ်းကပ်၍ ကုန်စည်များ လွှဲပြောင်းရယူခြင်းမပြုရ၊

( ဂ ) ရေယာဉ်များမှ ဆီအညစ်အကြေးများနှင့် အမှိုက်များ စွန့်ပစ်ခြင်းမပြုရ။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ**
**ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်စွဲပါ စာအမှတ်၊ ၁၁၈/(၁)/၈/သမ္မတရုံးအရ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြဦး အား လက်ရှိတာဝန်ဝတ္တရားများ အပြင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကိုပါ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့မှစ၍ ယာယီပူးတွဲတာဝန်ပေးအပ်လိုက်သည်။

ဒေါက်တာ ချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၈၀/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်စိုး အား နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်အမှတ် ၁၆/၂၀၂၆ ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။

၂။ သို့ပါ၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ လဝက-၁၃၄၂၂ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်စိုး အား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ နှစ်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

မြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) အဖြစ် မှတ်ပုံတင်ခြင်းဆိုင်ရာ အခကြေးငွေသတ်မှတ်ခြင်း**

ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) အဖြစ် မှတ်ပုံတင်ခြင်းဆိုင်ရာ အခကြေးငွေနှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

| | | | |
|---|---|---|---|
| (၁) | မှတ်ပုံတင်ကြေး | ကျပ် | ၃၀၀,၀၀၀ |
| (၂) | မှတ်ပုံတင်သက်တမ်းတိုးကြေး | ကျပ် | ၃၀၀,၀၀၀ |

ချစ်ဆွေ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်အမှတ် ၃၀/ ၂၀၂၆ အရ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ နုနုရီ အား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရပါသဖြင့် ၎င်းအား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ပါမောက္ခချုပ်အဖြစ်မှ အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၂။ ပညာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၁၄/၂၀၂၅ ကို ဤအမိန့်စာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၂၆)**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်အမှတ် ၁၉/ ၂၀၂၆ အရ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်ချစ်ချစ် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရပါသဖြင့် ၎င်းအား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ဒုတိယပါမောက္ခချုပ်အဖြစ်မှ အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၂။ ပညာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၉၀/၂၀၂၅ ကို ဤအမိန့်စာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၂၆)**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်အမှတ် ၂၂/၂၀၂၆ အရ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မြစ်ကြီးနားတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ အောင်ဝင်း အား ကချင်ပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရပါသဖြင့် ၎င်းအား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ပါမောက္ခချုပ်အဖြစ်မှ အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၂။ ပညာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆၁/၂၀၂၅ ကို ဤအမိန့်စာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ ချောချောစိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၄၅/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နေခြည်လဲ့လဲ့သိန်း အား နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်အမှတ် ၁၆/၂၀၂၆ အရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါ၍ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၄၆/၂၀၂၆)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ကြည်စိုး အား နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်အမှတ် ၃၁/၂၀၂၆ အရ အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါ၍ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဒေါက်တာ မျိုးသိန်းကျော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်)

အမှတ် ၅။　　ကျန်းမာရေးဝန်ကြီးဌာန၏ ၁၆-၃-၂၀၂၆ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၂၆/၃၉၁၄ အရ ဆေးတက္ကသိုလ် (မန္တလေး)၊ ရောဂါဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခ ဒေါက်တာ စန်းစန်းလှိုင် (ဆမ-၁၂၂၄၇) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၄-၆-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၄-၁၀-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၆။　　ကျန်းမာရေးဝန်ကြီးဌာန၏ ၁၆-၃-၂၀၂၆ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၂၆/၃၉၁၆ အရ ဆေးတက္ကသိုလ် (တောင်ကြီး)၊ သားဖွားမီးယပ်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခ ဒေါက်တာ ကြည်ကြည်စိန် (ဆမ-၁၁၉၃၀) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၅-၆-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၅-၁၀-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၄/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၁) (မြို့ပြ) (၂) ဦးတို့အား ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၆) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဒေါ်ဖာရ်ချင်းတီာလ်
ဆလက/၄၈၇၀၂

(၂) ဒေါ်ကြည်သာဆွေ
ဆလက/၄၈၅၀၉

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၂၆)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၁) (မြို့ပြ) (၃) ဦးတို့အား ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၆) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဒေါ်သီတာချို
ဆလက/၄၆၀၀၈

(၂) ဒေါ်သီတာဌေး
ဆလက/၄၃၇၄၈

(၃) ဒေါ်ကေသွယ်အောင်
ဆလက/၄၃၈၂၂

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (ဧရာဝတီ) မှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၈၁၅ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးလင်းထိုက် အား ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် တိုင်ချက်ဖွင့် တရားစွဲဆို စစ်ဆေးဆောင်ရွက်လျက်ရှိပါသဖြင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၇၃၊ နည်းဥပဒေခွဲ (က) အရ တာဝန်မှ ယာယီရပ်ဆိုင်းလိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၆/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး (ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဖွဲ့တွဲဖက်) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုမြင့် (၁၂၁၈၉) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ယာယီ တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

၂။ အဆိုပါအရာထမ်းအား ယာယီတွဲဖက်ခြင်းဖြစ်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရှိ ဝန်ထမ်းများ၏ ခံစားခွင့်များဖြစ်သည့် လစာနှင့်စရိတ်၊ ခွင့်နှင့် ရာထူးတိုးမြှင့်ခြင်းတို့အား သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြု ပေးသွားမည်ဖြစ်ပါသည်။

နိုင်သက်ဦး
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်)

**ဥပဒေကြမ်းကော်မတီဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၂၃ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ တို့အရ တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေကြမ်းကော်မတီကို အောက်ပါလွှတ်တော် ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးထင်လင်းကျော် | မဲဆန္ဒနယ်အမှတ်(၁)၊ စမ်းချောင်းမြို့နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးမြင့်ခိုင် | ပန်းဘဲတန်းမြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးကျော်လင်းဇော် | မဲဆန္ဒနယ်အမှတ်(၅)၊ မှော်ဘီမြို့နယ် | အဖွဲ့ဝင် |
| (ဃ) | ဦးသူရိန်လင်း | အင်းစိန်မြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်ဥမ္မာအောင်(ခ)ဂျာတောင် | မဲဆန္ဒနယ်အမှတ်(၂)၊ သဃ်န်းကျွန်းမြို့နယ် | အဖွဲ့ဝင် |
| (စ) | ဦးကျော်မင်းထွန်း | မဲဆန္ဒနယ်အမှတ်(၆)၊ လှည်းကူးမြို့နယ် | အဖွဲ့ဝင် |
| (ဆ) | ဦးသိန်းနိုင် | ကျောက်တံတားမြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးဝင်းထိန် | မဲဆန္ဒနယ်အမှတ်(၂) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါ်မိုးသူဇာ | မဲဆန္ဒနယ်အမှတ်(၂)၊ တောင်ဥက္ကလာပမြို့နယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ည) | ဦးစိုင်းအောင်မြင့်ခိုင် | မဲဆန္ဒနယ်အမှတ်(၄)၊ ဗိုလ်တထောင်မြို့နယ် | အဖွဲ့ဝင် |
| ( ဋ ) | ဒုတိယဗိုလ်မှူးကြီး ဝေမိုးအောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဌ ) | ဒုတိယဗိုလ်မှူးကြီး ဒေါ်အေးအေးမာ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဍ ) | ဗိုလ်မှူးသက်နိုင်ဦး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဎ ) | ဗိုလ်ကြီးဒေါ်ခင်စန္ဒာကျော် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးစိုးဝင်းအောင် | မဲဆန္ဒနယ်အမှတ်(၅)၊တိုက်ကြီးမြို့နယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီအစည်းအဝေးများ**

၃။ အစည်းအဝေးများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအတိုင်းကျင်းပရမည်-

(က) ခန့်အပ်ထားသော ကော်မတီဝင်စုစုပေါင်းဦးရေ၏ ထက်ဝက်ထက်မနည်းတက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

( ခ ) အပိုဒ်ခွဲ (က) အရ တက်ရောက်ရမည့် ကော်မတီဝင်ဦးရေမပြည့်လျှင် ပြည့်သည်အထိ ကော်မတီဥက္ကဋ္ဌက အစည်းအဝေးအချိန်ကို ရွှေ့ဆိုင်းထားနိုင်သည် သို့မဟုတ် အစည်းအဝေးကို နောက်တစ်ရက်သို့ ရွှေ့ဆိုင်းထားနိုင်သည်။

( ဂ ) ကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီဝင်များက မိမိတို့ထဲမှ ရွေးကောက်တင်မြှောက်သော ကော်မတီဝင်သည် အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ) ဆန္ဒမဲယူရာ၌ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် ဆန္ဒမဲမပေးရ။ ဆန္ဒမဲတူညီနေလျှင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် အနိုင်မဲပေးရမည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကိုအခြေခံ၍ စိစစ်ရမည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ၊

( ခ ) နိုင်ငံတော်ကချမှတ်ထားသောမူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ၊

( ဂ ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ မရှိ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကိုအန္တရာယ်ပြုထိပါးစေမည့် အချက်များပါဝင်ခြင်း ရှိ မရှိ၊

( င ) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ မရှိ၊

( စ ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကိုထိခိုက်ခြင်း ရှိ မရှိ၊

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်း ရှိ မရှိ၊

(ဇ) တိုင်းဒေသကြီးဝန်ကြီးဌာနတစ်ခုနှင့် တစ်ခု၊ အစိုးရဌာနအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်း ရှိ မရှိ၊

(ဈ) ဥပဒေကြမ်းနှင့်သက်ဆိုင်သော မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ မရှိ၊

(ည) ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်အခြေအနေ ရှိ မရှိ၊

(ဋ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ မရှိ။

၅။ ကော်မတီတွင် ဆွေးနွေးဆုံးဖြတ်ပြီးပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ နှင့်အညီ ကော်မတီ၏အစီရင်ခံစာကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံသို့ အောက်ပါ အတိုင်းတင်ပြရမည်-

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘော ကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာမူကြမ်းကိုကော်မတီကသဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ် ရေးထိုး၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံတင်ပြရမည်။ ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၁၁ ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(ဃ) ကော်မတီဥက္ကဋ္ဌမရှိလျှင် သဘာပတိတာဝန်ထမ်းဆောင်သော ကော်မတီဝင်က လက်မှတ်ရေးထိုး တင်ပြနိုင်သည်။

၆။ ကော်မတီကစိစစ်ပေးရန်လိုအပ်သော ကိစ္စများနှင့်စပ်လျဉ်း၍ ကော်မတီသည်-

(က) လွှတ်တော်၏ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု လွှတ်တော်ကဆုံးဖြတ်၍ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင်လိုအပ်သလိုစိစစ်ပြီး ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ပြန်လည်တင်ပြရမည်။

၇။ ကော်မတီသည် သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ ရှိ မရှိ စိစစ်ရမည်။

၈။ ကော်မတီသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ရမည်။

၉။ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီသက်တမ်းတစ်နှစ်ပြည့်မည့်ကာလနှင့် အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေးသို့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြရမည်။

၁၀။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းသောအစီရင်ခံစာများကို လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

၁၁။ ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်ကဖြစ်စေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကိုထမ်းဆောင်ရမည်။

၁၂။ ကော်မတီသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမည်။

## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၃။ ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍-

(က) နိုင်ငံတော်နှင့် ပြည်သူတို့အားအကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို လွှတ်တော်သို့တင်ပြနိုင်ခွင့်ရှိသည်။

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာအကြံပြုချက်များနှင့် ဝေဖန်သုံးသပ်ချက်များကိုစိစစ်၍ လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) ပြင်ဆင်ရန်အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဃ) ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှ ပြင်ဆင်ဆောင်ရွက်ခွင့်ရှိသည်။

၁၄။ အပိုဒ် ၁၃ အရ ကော်မတီ၏ တင်ပြချက်နှင့် အကြံပြုချက်များသည် ဥပဒေကြမ်းတွင်ပါရှိသည့် ကိစ္စနှင့်စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက်များဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏ သဘောတွင် အကျုံးဝင်သော တင်ပြချက်၊ အကြံပြုချက်များလည်းဖြစ်ရမည်။

၁၅။ ကော်မတီဝင်များသည် မိမိကော်မတီ၏ လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးစဉ်းစားရာ၌ တိုင်းဒေသကြီးလွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့်နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီးဆွေးနွေးခွင့်ရှိသည်။

(ဂ) ကော်မတီသည် လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းဆက်စပ်သောအကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ဖိတ်ကြား၍ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများ တင်ပြစေခြင်းပြုနိုင်သည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ဆိုချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏ အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် သက်ဆိုင်သည်၊ မသက်ဆိုင်သည်ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါ ပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌကချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာရှိသည်ဟူသော အကြောင်းပြချက်ဖြင့် တိုင်းဒေသကြီးအစိုးရက စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

၁၆။ ကော်မတီသည် ကော်မတီလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း လိုအပ်သည့်နေရာများသို့ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် သွားရောက် ကွင်းဆင်းကြည့်ရှုနိုင်သည်။ ထိုသို့ကွင်းဆင်းကြည့်ရှုပြီး လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရမည်။

၁၇။ ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့်စပ်လျဉ်း၍-

(က) နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေအရ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးနေမှုအပေါ် ပြင်ဆင်ရန်လိုအပ်ပါက သုံးသပ်ချက်နှင့်အတူ အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

၁၈။ ကော်မတီဝင်များသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကိုမဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၉။ ကော်မတီဝင်များသည် ကော်မတီ၏ လုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ၏ အစည်းအဝေးတက်ရောက်ရန်၊ ကော်မတီရုံးစိုက်ရာနေရာတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုခံစားခွင့်ရှိသည်။

၂၀။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းနှင့် တရားရုံးတစ်ခုခုတို့က သက်သေအဖြစ်ဆင့်ခေါ်ခံရခြင်းတို့မှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**ကော်မတီ၏သက်တမ်း**

၂၁။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၂၂။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအဖွဲ့ဝင်ဦးရေကို တိုးခြင်း၊ လျှော့ခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်း**

၂၃။ ကော်မတီအဖွဲ့ဝင်ဦးရေကို တိုးခြင်း၊ လျှော့ခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းများအတွက် လွှတ်တော်ဥက္ကဋ္ဌသည်-

(က) လွှတ်တော်အစည်းအဝေးကျင်းပသည့်ကာလဖြစ်ပါက လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) လွှတ်တော်အစည်းအဝေး ရပ်နားထားစဉ်ကာလဖြစ်ပါက လိုအပ်သလိုဆောင်ရွက်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် အတည်ပြုချက်ရယူရမည်။

ဋ္ဌေးအောင်
ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**ကရင်ပြည်နယ်လွှတ်တော်ရုံး**
**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၆)**
၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**ကရင်ပြည်နယ် ယစ်မျိုးခွန်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ကရင်ပြည်နယ်လွှတ်တော်သို့ ပေးပို့လာသော ကရင်ပြည်နယ် ယစ်မျိုးခွန်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ကရင်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၇၊ နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ဒေါက်တာ သက်ဇော်ဦး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကရင်ပြည်နယ်လွှတ်တော်ရုံး

## ကရင်ပြည်နယ် ယစ်မျိုးခွန်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

**(၂၀၂၆ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် )**

၁၃၈၈ ခုနှစ်၊ လ ရက်

(၂၀၂၆ ခုနှစ်၊ လ ရက်)

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကရင်ပြည်နယ် ယစ်မျိုးခွန်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ကရင်ပြည်နယ်ယစ်မျိုးခွန်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်ရမည်-

"(က) ပြည်နယ်အတွင်း ယစ်မျိုးလုပ်ငန်းအမျိုးအစားအလိုက် စည်းကြပ်ကောက်ခံရမည့် ယစ်မျိုးခွန်နှုန်းထားကို အောက်ပါအတိုင်း သတ်မှတ်သည်-

| လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် | ကောက်ခံမည့်နှုန်းထား(ကျပ်) |
|---|---|---|
| D1 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင်၊ ထုတ်လုပ်မှု ဂါလန်/ (၁)ရက် | |
| | ၅၀-၅၀၀ | ၂၀၀၀၀၀၀ |
| | ၅၀၀-၁၀၀၀ | ၃၅၀၀၀၀၀ |
| | ၁၀၀၀ အထက် | ၆၀၀၀၀၀၀ |
| D2 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့် လိုင်စင် | ၅၀၀၀၀၀ |
| W1 | ဝိုင်အရက်များ ထုတ်လုပ်ခွင့်လိုင်စင် | ၂၀၀၀၀၀ |
| FL4 | ပြည်ပမှတင်သွင်းလာသော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့်လိုင်စင် | ၅၀၀၀၀၀ |
| FL5 | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ပုလင်းသွတ်ခွင့်လိုင်စင် | ၅၀၀၀၀၀ |
| FL6 | ပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို လက်ကားရောင်းချခွင့်လိုင်စင် | ၂၀၀၀၀၀၀ |
| B1 | ဗီယာစက်ရုံ (Brewery) ပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင်၊ ထုတ်လုပ်မှု ဂါလန်/ (၁) ရက် | |
| | ၅၀-၅၀၀ | ၁၅၀၀၀၀၀ |
| | ၅၀၀-၁၀၀၀ | ၂၀၀၀၀၀၀ |
| | ၁၀၀၀ အထက် | ၃၀၀၀၀၀၀ |
| B2 | ဗီယာစက်ရုံ (Brewery) ပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့် လိုင်စင် | ၅၀၀၀၀၀ |
| FL8 | မြန်မာပြည်တွင်းရှိ ဗီယာစက်ရုံ (Brewery) မှ ထုတ်လုပ်သော ဗီယာများကို လက်ကားရောင်းချခွင့်လိုင်စင် | ၂၅၀၀၀၀၀ |
| FL9 | မြန်မာပြည်တွင်းရှိ ဗီယာစက်ရုံ (Brewery) မှ ထုတ်လုပ်သော ဗီယာများကို ဆိုင်ဖွင့်၍ ဥပစာအတွင်းသောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀၀ |

| | | |
|---|---|---|
| FL11 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို လက်ကား ရောင်းချခွင့်လိုင်စင် | ၁၅၀၀၀၀၀ |
| FL12 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကုန်စုံဆိုင်တွင် လက်လီလက်ကား ရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့် မရှိသည့်လိုင်စင် | ၁၀၀၀၀၀၀ |
| FL15 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဥပစာအတွင်း တည်းခိုသူများနှင့် ခရီးသွားသူများသောက်သုံးရန် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းပိုင်ရှင် သို့မဟုတ် မန်နေဂျာက ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၂၀၀၀၀၀၀ |
| FL16 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကလပ်ဥပစာအတွင်း သောက်သုံးရန် ကလပ်ပိုင်ရှင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀၀ |
| FL17 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ်နှင့် နားနေခန်းဥပစာအတွင်း သောက်သုံးရန် ဟိုတယ်ပိုင်ရှင် သို့မဟုတ် ဟိုတယ်မန်နေဂျာက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁၅၀၀၀၀၀ |
| FL21 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို သင်္ဘောဝန်ထမ်းများနှင့် ခရီးသည်များ သင်္ဘောပေါ်တွင် သောက်သုံးရန် သင်္ဘောမာလိန်မှူး သို့မဟုတ် ဘဏ္ဍာစိုးက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀၀ |
| FL23 | မူးယစ်စေတတ်သော ဆေးဝါးမဟုတ်သော အရက်ပြန် ရာခိုင်နှုန်း ၂၀ မှ ၄၅ အထိ ပါဝင်သည့် ဆေးဖက်ဝင်သော ဝိုင်နှင့် အလားတူဖျော်ရည်များကို ဆေးဆရာ သို့မဟုတ် ကုန်စုံဆိုင်ပိုင်ရှင်က ရောင်းချခွင့်လိုင်စင် | ၂၀၀၀၀၀ |
| FL24 | သန့်စင်ပြီးသော နိုင်ငံခြားအရက်ပြင်း (Rectified Foreign Spirit) ကို ဆေးဆရာများက ရောင်းချခွင့်လိုင်စင် | ၂၀၀၀၀၀ |
| FL2C | သန့်စင်ပြီးသော အရက်ပြန်များကို သိုလှောင်သိမ်းဆည်းထားနိုင်ရန်နှင့် တင်ချာ၊ အရက်ပြင်းနှင့် အခြားအရက်ပြန်ပါဝင်သည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရန် ကုန်ပစ္စည်းသိုလှောင်ရုံ ဆောက်လုပ်ခွင့်လိုင်စင် | ၂၀၀၀၀၀ |
| FL2D | အရက်ပြန်ပါဝင်သည့် ဆေးဝါးများကို မြန်မာ့ဆေးဆရာများက ထုတ်လုပ်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | ၂၀၀၀၀၀ |
| Y1 | တဆေးများ ထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | ၅၀၀၀၀၀ |
| Y2 | တဆေးများ ရောင်းချခွင့်လိုင်စင် | ၅၀၀၀၀၀ |
| D1A | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်နှင့် ပုလင်းသွတ်ရန်၊ အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် လိုင်စင်ရရောင်းချသူများကိုသာ လက်ကားရောင်းချခွင့်လိုင်စင် | ၂၅၀၀၀၀၀ |
| CS2A | ဖိုထွက်ချက်အရက်ကို စားသောက်ဆိုင် သို့မဟုတ် နားနေခန်း ဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၅၀၀၀၀၀ |
| CFL2A | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များကို စားသောက်ဆိုင် သို့မဟုတ် နားနေခန်းဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်” | ၃၀၀၀၀၀ |

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက် (၂၀၂၆ ခုနှစ်၊ မေလ ၂၂ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

အမှတ် ၈၃/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၅/၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ထွန်းထွန်းစိုး ကြည်း ၈၂၁၃၈

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်)

အမှတ် ၈၄/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၅/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ညီညီလွင် ကြည်း ၈၂၁၃၉

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်)

အမှတ် ၈၅/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၅ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) မျိုးလွင်ဦး ကြည်း ၈၂၁၄၀

(၂) မျိုးသူရိန် ကြည်း ၈၂၁၄၁

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်)

အမှတ် ၈၆/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၅ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) လှငွေ ကြည်း ၈၂၁၄၂

(၂) တင်အောင်မြင့် ကြည်း ၈၂၁၄၃

(၃) တင်အောင်ကျော် ကြည်း ၈၂၁၄၄

(၄) အောင်ဝင်းနိုင် ကြည်း ၈၂၁၄၅

(၅) ဝင်းဇော်လတ် ကြည်း ၈၂၁၄၆

## (လေတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

အမှတ် ၃/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၅/၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ လေကြောင်းအချက်ပြကြီးအား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့မှအစပြု၍ တပ်မတော် (လေ) အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ဝင်းလွင် လေ ၄၇၄၈

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

ပ၊ ထ၊ န - အမှတ် ၆၄၇/၂၅/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၂၃၀/ ၂၂-၅-၂၀၂၆။